# Highlights from DVB Debate's Child Rapists Concern Show

## February 20, 2016

## "How to treat Child Rapists?"

"ပြုကျင့်သူတွေက စိတ်ပိုင်းဆိုင်ရာအရကို ကလေးတွေကိုမှ ရွေးပြီး ပြုမူဆက်ဆံချင်သူနဲ့ သိက္ခာကို မထိန်းသိမ်းနိုင်ဘဲ အခြေအနေ ပတ်ဝန်းကျင်တွေကြောင့် ပြုကျင့်သူတွေရယ် ရှိတယ်။ ဒါပေမယ့် ဒါဟာရောဂါဖြစ်တယ်၊ အခြေအနေကြောင့်ဖြစ်တယ်ဆိုပြီး လက်ခံပေးလို့ မရဘူး။ ထိထိရောက်ရောက် အရေးယူရမယ်"

ဦးအောင်မျိုးမင်း - Equality Myanmar ဒါရိုက်တာ

---

"၁၈ နှစ်အထက်တွေက ကလေးသူငယ်မုဒိမ်းမှုကျူးလွန်တာတွေ ရှိသလို ကလေး ကလေးချင်း ပြုကျင့်တာတွေလည်း တွေ့ရတော့ ကျမတို့အနေနဲ့ ၁၈ နှစ်အထက်ကို ပြစ်ဒဏ်ဘယ်လောက်၊ ၁၈ နှစ်အောက် ကျူးလွန်သူကလေးတွေအတွက် ဘယ်လောက် ဆိုပြီး သတ်မှတ်ထားဖို့တော့ လိုမယ်"

ဒေါ်သွန္တာကျော် - Save the Children ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအစီအစဉ် ဌာနမှူး

---

"ဥပဒေထဲမှာကို ပြုကျင့်ခံရတဲ့ ကလေးကို စစ်ဆေးမေးမြန်းသူဟာ ရဲဆို ရဲအမျိုးသမီးပဲ ဖြစ်ကို ဖြစ်ရမယ်။ ယူနီဖောင်း မဝတ်ထားရဘူး ဒါဟာ ဥပဒေမှာ ပါထားပြီးသား။ အခုက ရဲအမျိုးသားတွေက မဖွယ်မရာဝိုင်း မေးနေကြတော့ ကလေးက သူတို့မေးလိုက်ကတည်းက ထရှိမာရသွားပြီ တချို့ကလေးတွေ မဖြေနိုင်ဘူး ငိုပဲငိုနေတာတွေ ရှိတယ်။ လုပ်ထုံးလုပ်နည်းတွေက အရမ်းမှားနေတယ် ဥပဒေမှာပါတဲ့အတိုင်းကို မဖြစ်ဘူး။"

ဒေါ်သွန္တာကျော် - Save the Children ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအစီအစဉ် ဌာနမှူး

---

"ကလေးသူငယ်အခွင့်အရေးအရ မုဒိမ်းမှုကျူးလွန်ခံလိုက်ရတဲ့ ကလေးတွေနဲ့ ပတ်သက်တဲ့ confidentiality ဆိုတာ ရှိတယ်။ ကလေး ဓာတ်ပုံကို သုံးစွဲခွင့်မရှိတာတွေ၊ တရားရုံးမှာ အဲဒီ ကလေးဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ပေးသိလို့မရဘူး၊ သတင်းတွေမှာ နာမည်၊ ဓာတ်ပုံတွေ ဖော်ပြလို့မရဘူး"

ဦးအောင်မျိုးမင်း - Equality Myanmar ဒါရိုက်တာ

---

"လျှပ်ပေါ်လော်လီလို့ မုဒိမ်းမှုတွေဖြစ်တယ်ဆိုရင် သီလရှင်အမျိုးသမီးလေးတွေ အဓမ္မပြုကျင့်ခံရတာရှိတယ်။ သူတို့ ဘယ်လို ဝတ်နေလို့လဲ"

နန့်သဇင်မင်း - Colourful Girls အဖွဲ့

"ကျမတို့တွေ့ရသလောက် ကလေးငယ်တွေကို အဓမ္မပြုကျင့်သူတွေထဲမှာ ၉၀ ရာနှုန်းလောက်က သူတို့နဲ့ သိတဲ့ သူတွေပဲဖြစ်တာ များတယ် ဆွေမျိုးတွေ သိကျွမ်းသူတွေပဲ။ ၁၀ ရာခိုင်နှုန်းလောက်ပဲ သူစိမ်းတွေ ဖြစ်နေတယ်"

ဒေါ်သန္တာကျော် - Save the Children ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအစီအစဉ် ဌာနမှူး

"ကျူးလွန်သူတွေဘက်က နားလည်ပေးနေတာကို ကျမတော့ လက်မခံနိုင်ဘူး။ လူသူမရှိတဲ့နေရာရောက်နေလို့ အရက်သောက်ထားလို့ ဆိုတာမျိုးတွေပေါ့။ နောက် ကျမတို့မှာက အပျိုစင်ရောဂါ. ဗိုင်းကောင်းကျောက်ဖိဖြစ်မှ အပျိုစင်ဖြစ်မှဆိုတဲ့ သတ်မှတ်ချက်မျိုးက အမျိုးသမီးရဲ့ တန်ဖိုး မဟုတ်ဘူး။ အဲဒီ အမျိုးသမီးတယောက် လူ့ပတ်ဝန်းကျင်မှာ ဘယ်လောက်အကျိုးပြုလဲ ဘယ်လောက်လုပ်ပေးနိုင်လဲ ဆိုတာမှ တန်ဖိုး အစစ်"

မဇင်မင်းသူ - နတ်ဖုရားမအင်စတီကျူ့